itad

# အာရှဖွံ့ဖြိုးရေးဘဏ်
# မြန်မာပြည်ရပ်ရွာအဆင့်သဘာဝဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေး
# အကျိုးသက်ရောက်မှုစီမံဆောင်ရွက်ချက်များ

ဧပြီလ ၂၀၁၇ အပြီးသတ်အစီရင်ခံစာကြမ်း

GY အဖွဲ့အစည်းများနှင့်အတူ Itad မှပူးပေါင်းတင်ပြသည်။

Results in development

## ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာကို ဒေါက်တာခင်သန်းဝင်း နှင့် Mr. Dave Wilson တို့၏အကြံပြုချက်များနှင့် Gil Yaron မှရေးသားတင်ပြထားပါသည်။ ကျွန်ုပ်တို့သည် ကာလအပိုင်းအခြားတစ်ခုအတွင်း ဖြစ်စဉ်တိုးတက်မှု လေ့လာရာတွင် ကူညီပံ့ပိုးပေးသော BRACED ALLIANCE MYANMAR စီမံချက် (Plan International, Action Aid နှင့် World Vision တို့၏ ပူးပေါင်းဆောင်ရွက်မှု) ကို ကျေးဇူးတင်ရှိပါသည်။ အုပ်စုလိုက်ဆွေးနွေးပွဲများနှင့် ရပ်မိရပ်ဖများ လူတွေ့မေးမြန်းမှုများတွင် ပါဝင်ခဲ့ကြသော ဒလဘန်းကျေးရွာ၊ ၉၃ ရပ်ကွက်နှင့် လပွတ္တာမြို့နယ်တို့မှ ပြည်သူလူထုများနှင့် အစိုးရဝန်ထမ်းများကို ကျေးဇူးတင်ကြောင်း တင်ပြလိုပါသည်။

## မသက်ဆိုင်ကြောင်းငြင်းဆိုချက်

ဤအစီရင်ခံစာတွင် ဖော်ပြထားသော ရှုထောင့်များသည် အကဲဖြတ်သူများ၏ သုံးသပ်ချက်များ ဖြစ်ပါသည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏ သုံးသပ်ချက် (သို့မဟုတ်) အစီရင်ခံစာတွင် ရည်ညွှန်းထားသော တစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများ၏ သုံးသပ်ချက်များကိုတင်ပြထားခြင်းမရှိပါ။

‘Itad’ နှင့်သုံးရောင်ချယ်တြိဂံရုပ်ပုံတို့သည် ITAD Limited မှ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ပြီးဖြစ်သည်။

## မာတိကာ


အနှစ်ချုပ်တင်ပြချက် ၄

၁။ နိဒါန်း ၇

၂။ ရပ်ရွာကြံ့ကြံ့ခံနိုင်မှုအကဲဖြတ်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း ၇

၃။ ကြံ့ကြံ့ခံနိုင်မှုအကျိုးအမြတ်များကိုပိုင်းခြားသတ်မှတ်ခြင်း ၉

**၃.၁။ CBA အဆင့်များအကျဉ်းချုပ်** ၉

၄။ ကာလအပိုင်းအခြားတစ်ခုအတွင်းဖြစ်စဉ်တိုးတက်မှုလေ့လာချက်ရလဒ်များ ၁၁

**၄.၁။ ညောင်တပင်ကျေးရွာ** ၁၁

၄.၁.၁။ နောက်ခံသမိုင်းကြောင်း ၁၁

၄.၁.၂။ BRACED စီမံချက်များ ၁၂

၄.၁.၃။ ကုန်ကျစရိတ်များနှင့် အကျိုးအမြတ်များ ၁၂

၄.၁.၄။ ဆွေးနွေးချက် ၁၄

**၄.၂။ ဒလဘန်းကျေးရွာ** ၁၅

၄.၂.၁။ နောက်ခံသမိုင်းကြောင်း ၁၅

၄.၂.၂။ BRACED စီမံချက်များ ၁၅

၄.၂.၃။ ကုန်ကျစရိတ်များနှင့် အကျိုးအမြတ်များ ၁၆

၄.၂.၄။ ဆွေးနွေးချက် ၁၉

**၄.၃။ ၉၃ ရပ်ကွက် ၊ ဒဂုံဆိပ်ကမ်း** ၂၀

၄.၃.၁။ နောက်ခံသမိုင်းကြောင်း ၂၀

၄.၃.၂။ BRACED စီမံချက်များ ၂၀

၄.၃.၃။ ကုန်ကျစရိတ်များနှင့် အကျိုးအမြတ်များ ၂၀

၄.၃.၄။ ဆွေးနွေးချက် ၂၂

၅. နိဂုံး ၂၃

ရည်ညွှန်းချက်များ ၂၄

နောက်ဆက်တွဲ ၁။ CBA ဆောင်ရွက်ပုံနည်းလမ်းမှတ်စုတို ၂၆

# အနှစ်ချုပ်တင်ပြချက်

## အကြောင်းခြင်းရာ

လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၊ ရပ်ရွာလူထုများ (သို့မဟုတ်) အဖွဲ့အစည်းများအတွက် ရာသီဥတုရုတ်တရက် ဖောက်ပြန်မှုများနှင့် ဖိစီးမှုများကို ပိုမိုထိရောက်စွာတုံ့ပြန်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုအပေါ် အသားတင်ပြန်လည်ရရှိလာမည့် ကြံ့ကြံ့ခံနိုင်မှုအစုအမြတ်တို့ကို နိုင်ငံတကာမှစိတ်ဝင်စားမှု မြင့်တက်လာပြီဖြစ်သည်။ သို့ရာတွင်လူထုအားပြဖွံ့ဖြိုး တိုးတက်ရေးနှင့် စပ်ဆိုင်သောဥပမာများမှာ ရပ်ရွာလူထုမှ ကြံ့ကြံ့ခံနိုင်မှုအစုအမြတ် အမျိုးအစားများအတွက် အစီအစဉ်ချပြီး ဦးစားပေးဆောင်ရွက်သော စီမံချက်များဖြစ်သည်။ မြန်မာနိုင်ငံတွင် အလားတူမတွေ့ရှိရသေးပါ။ ဤအစီရင်ခံစာကို အာရှဖွံ့ဖြိုးရေးဘဏ် (ADB)အတွက် ထုတ်ပြန်ထားခြင်းဖြစ်ပြီး DFID BRACED ရပ်ရွာပြည်သူလူထုများအတွင်း ဖြစ်စဉ်တိုးတက်မှုလေ့လာသောစီမံချက် ၃ခု၏တန်ဘိုး အကျိုးအမြတ်စီစစ်ချက် ရလဒ်ဖြစ်သည်။

ဤလေ့လာချက် ၃ ခုကို BRACED စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော Itad က DFID ကနေဦး ပံ့ပိုးငွေဖြင့် ဆောင်ရွက်နေသည့် BRACED Myanmar Alliance ပရိုဂျက်မှ ရေးဆွဲထားခြင်းဖြစ်သည်။ ဤပရိုဂျက်မှ ဆောင်ရွက်မှုများတွင် ရာသီဥတု ရုတ်တရက်ဖောက်ပြန်မှုများကို ကြံ့ကြံ့ခံနိုင်ရန်အတွက် ရပ်ရွာမှစီစဉ်ဆောင်ရွက်သော အခြေခံအဆောက်အဦး၊ အသက်မွေးဝမ်းကျောင်းစွမ်းရည်မြင့်တင်မှု နှင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်မှုသင်တန်းများ ပါဝင်သည်။ ကြံ့ကြံ့ခံစွမ်းရည့်မြှင့်တင်ရန် ဦးတည်ချက်ထားသော်လည်း ထိခိုက်နစ်နာခဲ့ရသောအုပ်စုများကို ရပ်ရွာပြည်သူလူထုက ဦးစားပေးရွေးချယ်၍ ကြံ့ခိုင်ရေးစီမံဆောင်ရွက်မှုပေးရန် နှင့် ရပ်ရွာပြည်သူလူထု အကျိုးအမြတ် ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်စေရန်အတွက် ရပ်ကွက်ဖွံ့ဖြိုးတိုးတက်မှု *(CDD)* နည်းလမ်း ကိုအသုံးချစေရန် ရည်ရွယ်သည်။ လေ့လာချက်ပြုလုပ်သည့် ရပ်ရွာ ၃ ခုစလုံးသည် ယခင်က ရေလွှမ်းမိုးခံရသည့် အတွေ့အကြုံရှိပြီးသားဖြစ်သည်။

## ဆောင်ရွက်ပုံနည်းလမ်းများ

ဤလေ့လာချက်တွင် ကျွန်ုပ်တို့သည် နစ်နာဆုံးရှုံးမှုများမှ စီးပွားရေးပြန်လည်ဦးမော့လာမှုများကို ဖော်ပြခြင်းနှင့် ပူးပေါင်း အကျိုးအမြတ်ဖွံ့ဖြိုးလာမှုတို့ကို ဦးတည်လျက် အဆင့် ၃ ဆင့်ကို လုပ်ဆောင်သည်။

**၁။ ရာသီဥတုရုတ်တရက် ဖောက်ပြန်မှုများနှင့် ဖိစီးမှုများကို ထင်ရှားစွာဖော်ပြခြင်း**

ကျွန်ုပ်တို့သည် ရပ်ရွာပြည်သူလူထုကြုံတွေ့ခဲ့ရသော အဓိကရာသီဥတုရုတ်တရက်ဖောက်ပြန်မှုများနှင့် အကျိုးသက်ရောက်မှုများအတွက် ကိုယ်တိုင်ပါဝင်ဆောင်ရွက်သော ဆန်းစစ်ချက်တို့ကို လုပ်ဆောင်သည်။ ယင်းအထောက်အထားကို အဓိကသတင်းပေးသူများနှင့် အမေးအဖြေပြုလုပ်ချက်များဖြင့် သုံးပွင့်ဆိုင်စစ်ဆေးထားပြီး ဖြစ်နိုင်သည့်နေရာများတွင် အခြေခံလေ့လာချက် သတင်းအချက်အလက်များကို BRACED အကျိုးသက်ရောက်မှု ဝေဖန်တန်ဘိုးဖြတ်ခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် စုစည်းထားရှိသည်။

**၂။ ပရောဂျက်စီမံဆောင်ရွက်မှုများ၊ ပေါ်ထွန်းလာသော မှန်းဆအကျိုးသက်ရောက်မှုများအတွက် ကိုယ်တိုင်ပါဝင်အကဲဖြတ်ခြင်း**

အပြောင်းအလဲ ခန့်မှန်းတွက်ချက်ရာတွင် ယုံကြည်စိတ်ချမှု မြင့်မားလာစေရန် ကျွန်ုပ်တို့သည် အမျိုးမျိုးသော အထောက်အထား အရင်းအမြစ်များကို နှိုင်းယှဉ်ပြီး ကွဲလွဲချက်များကို ရှာဖွေစီစစ်သည်။ ဥပမာ - ဝက်မွေးမြူသူများ၏ အသက်မွေးဝမ်းကျောင်း အပြောင်းအလဲများကို မေးမြန်းပြီးနောက် အခြားသော အဓိကသတင်းပေးများ (ရွာလူကြီးများ)၏ ဖြေဆိုချက်များဖြင့် သုံးပွင့်ဆိုင်စစ်ဆေးသည်။

ပရောဂျက်လုပ်ငန်းများကြောင့် အပြောင်းအလဲများ ဖြစ်ပေါ်လာရခြင်းသည် အလွန်အရေးကြီးသည်။ ပရောဂျက မရှိခဲ့ပါက ဖြစ်နိုင်ခြေများကို ထင်ရှားစွာဖော်ပြရန် ရည်ရွယ်ထားသော်လည်း ယင်းဆောင်ရွက်ပုံနည်းလမ်းသည်

လုပ်ငန်းဆောင်ရွက်မေးမြန်းချက်အပေါ် မူတည်သည်။ ပရောဂျက်သီးသန့် အကျိုးတရားများကို သီးခြားခွဲထုတ်နိုင်ရန် လေ့လာချက်ပြုမည့်နေရာများတွင် ပရောဂျက်မစမီနှင့် ပြီးဆုံးချိန်တွင် ပြောင်းလဲဖြစ်ပေါ်မှုများကို အနီးပတ်ဝန်းကျင် နေရာများနှင့် နှိုင်းယှဉ်ရသည်။

ရပ်ရွာဦးစားပေး အခြေခံအဆောက်အဦး ရင်းနှီးမြှုပ်နှံမှုများသည် ယင်းတို့ရင်ဆိုင်ရသော အခက်အခဲများကို ပေါ်လွင်စေသည့် ခန့်မှန်းချက်များဖြစ်သည်။ သို့ဖြစ်၍ လေ့လာချက်နစ်ခုမှာ နှစ်စဉ်ပုံမှန်ရေလွှမ်းမိုးမှု လျော့ပါးရေးအတွက် အခြေခံအဆောက်အဦး လုပ်ဆောင်ပေးခြင်းဖြစ်ပြီး ရပ်ရွာတစ်ခုမှာ ရေလွှမ်းမိုးမှုကပ်ဘေး အထိအခိုက်လျှော့ချရန် အခြေခံအဆောက်အဦးရှိပြီးသားဖြစ်သည်။

**၃။ စီးပွားရေးအရ ကုန်ကျစရိတ်များနှင့် အကျိုးအမြတ်များ ပိုင်းခြားသတ်မှတ်ခြင်း**

ပရောဂျက်ကုန်ကျစရိတ်များကို စျေးကွက်ပေါက်စျေး (သို့မဟုတ်) ဒေသတွင်းလုပ်ခနှုန်းများဖြင့် တန်ဘိုးဖြတ်သော ရပ်ရွာထည့်ဝင်ငွေများနှင့်အတူ အကောင်အထည်ဖော်အဖွဲ့အစည်းများမှ ပံ့ပိုးပေးသည်။ အစိုးရက စက်ယန္တရား၊ ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်များကျခံပေးပြီးသွယ်ဝိုက်ကုန်ကျစရိတ်များကို စာပေအကိုးအကားများမှ တွက်ချက်ထားခြင်း ဖြစ်သည်။ လေ့လာချက်ပြုသည့်နေရာများအတွက် စီမံခန့်ခွဲမှုပရိုဂရမ်ကုန်ကျငွေများမှ ခွဲဝေသုံးစွဲသည်။

ဘဏ္ဍာရေးအကျိုးအမြတ်များကို ဖော်ပြရာတွင် ဦးတည်အုပ်စုဆွေးနွေးချက်များ၊ အဓိကသတင်းပေးသူများနှင့် အမေးအဖြေပြုလုပ်ချက်များကိုအသုံးချလျက် စာပေအကိုးအကားကိန်းဂဏန်းများနှင့် သုံးပွင့်ဆိုင်တွက်ချက်ထားသည်။

စီမံချက်လုပ်ငန်းဆောင်ရွက်မှုများအားလုံးကရေရှည်အကျိုးအမြတ်များဖြစ်ထွန်းစေသည်။ ပရောဂျက်အတွက် ၁၀နှစ်စာ ကုန်ကျစရိတ်နှင့်အကျိုးအမြတ်များကို ယေဘူယျပြန်လည်တွက်ချက်ရန်လိုသော်လည်း ကျွန်ုပ်တို့တွင် ကုန်ကျစရိတ်နှင့် အကျိုးအမြတ်များ အများဆုံး တစ်နှစ် (သို့မဟုတ်) နှစ်နှစ်စာ အတွက်သာ အထောက်အထားရှိသည်။ လုပ်ငန်းအကောင်အထည်ဖော်နေသော ဒေသအဖွဲ့အစည်းများနှင့် ပြည်သူလူထုကိုယ်တိုင် တွက်ချက်ထားသော ထိန်းသိမ်းစရိတ် အထောက်အထားများကို အသုံးပြုထားသည်။ အကျိုးအမြတ်နှင့် ကုန်ကျစရိတ်များအတွက် ပရိုဂရမ် စတင်စဉ်မှာပင် လျှော့စျေးနှုန်း ၁၂% (ပြောင်းလဲလွယ်သောစမ်းသပ်ချက်များ ၉% နှင့် ၆%) လျှော့ပေါ့ သတ်မှတ်ထားသည်။

အသေးစားချေးငွေနှင့် ဝက်ပေါက်လေးများပံ့ပိုးပေးထားသော ပရောဂျက်အတွက် အကျိုးအမြတ်နှင့် ကုန်ကျစရိတ်များ ခန့်မှန်း တွက်ချက်ရန်အတွက် အဓိကသတင်းပေးများနှင့် ရပ်ရွာလူထုစံနမူနာများကို နိုင်ငံတကာ စာပေအကိုးအကားများမှ မှီငြမ်းတွက်ချက်သည်။

အချို့သော (အများစုမဟုတ်) ပရောဂျက်အကျိုးအမြတ်များသည် ယခင်ကရေလွှမ်းမိုးမှုကြောင့် သေဆုံးမှုမှ ကင်းဝေးခြင်းအပေါ် မူတည်သည်။ ကျွန်ုပ်တို့သည် ထိုင်းနိုင်ငံအတွက် ထုတ်ဝေသောစာရင်းတွက်ချက်မှုများကို အသုံးပြုလျက် စာရင်းဇယားဆိုင်ရာဘဝတန်ဘိုးများကို ခန့်မှန်းတွက်ချက်ပြီး တိုတွက်ချက်မှုများကို နိုင်ငံတကာ အထောက်အထားများနှင့်အတူ GDP မတူညီမှုများကို ညှိနှိုင်းတွက်ချက်သည်။

# အဓိကအကျိုးရလဒ်များနှင့်နိဂုံးများ

လေ့လာချက်များအားလုံးတွင် ၁၀ နှစ်စာကာလအပေါ် ခန့်မှန်းထားသော စီးပွားရေးအကျိုးအမြတ်များ (ထုံးစံအတိုင်း စီမံချက်ဆောင်ရွက်အပြီး ၁၂ မှ ၁၈ လ အကြာ အချက်အလက်ပေါ်အခြေခံသော)သည် ထိုကာလအပေါ် တွက်ချက် ထားသော ကုန်ကျစရိတ်များထက် သိသာစွာကြီးမားသည်။ ကုန်ကျစရိတ်များအတွက် အကျိုးအမြတ် လျှော့စျေး အချိုးမှာ ၂.၄ မှ ၁၁ အကြား အပြောင်းအလဲရှိသည်။ အလားတူရလဒ်များကို ပိုနိမ့်သောလျှော့စျေးနှုန်း (ဥပမာ- ၆%) ဖြင့် ရရှိသေးသည်။

အမြင့်ဆုံးအကျိုးဆက်များသည် ရပ်ရွာလုပ်အားပေးမှုနှင့်အတူ BRACED ရန်ပုံငွေဖြင့် ရပ်ရွာပြည်သူလူထု နှင့် ဒေသတွင်းအစိုးရတို့က စီစဉ်ရေးဆွဲသော အသေးစားအခြေခံအဆောက်အဦး ရင်းနှီးမြှုပ်နှံမှုများမှ ပြန်လည်ရရှိလာခြင်း ဖြစ်သည်။ အသေးစားချေးငွေနှင့်ဝက်မွေးမြူရေးစီမံချက်များမှ မိသားစုအပိုဝင်ငွေရရှိစေသည်။ အသက်မွေးဝမ်းကြောင်း တိုးတက်စေသော ဤထည့်ဝင်ငွေကို စီမံချက်ဆောင်ရွက်ချက် ၁၂ မှ ၁၈ လ အတွင်း တွေ့မြင်ရသည်။ သို့ရာတွင် ရုတ်တရက်အပြောင်းအလဲများနှင့် ဖိစီးမှုများခံရပြီး လိုက်လျောညီထွေနေတတ်စေမည့် နောက်တိုးစွမ်းရည်ကြောင့် စီမံကိန်းပြီးဆုံးချိန်တွင် ကြံ့ခံစွမ်းရည်မြင့်တက်လာစေမည်ဆိုသည်ကို ကျွန်ုပ်တို့ သိရှိလာမည်ဖြစ်သည်။

လေ့လာမှုပြုလုပ်သည့် ရပ်ရွာပြည်သူလူထုက ဦးစားပေးရွေးချယ်ထားသော ရင်းနှီးမြှုပ်နှံမှု အမျိုးအစားများသည် ရင်ဆိုင်ကြုံတွေ့ရသော အမျိုးအစားခန့်မှန်းချက်ကို ပေါ်လွင်ထင်ဟပ်စေသည်။ ထို့ကြောင့် လေ့လာချက် ၃၃ မှ ၂၃သည် နှစ်စဉ်ပုံမှန်ရေလွှမ်းမိုးမှုလျော့ပါးစေရန် ရေးဆွဲထားခြင်းဖြစ်ပြီး ရပ်ရွာတစ်ခုတည်းသာ ရေလွှမ်းမိုးမှုကပ်ဘေး အထိအခိုက်လျော့ချရန် အခြေခံအဆောက်အဦးရှိပြီးသားဖြစ်သည်။ ဖြစ်စဉ်အားလုံးတွင် ကြိုတင်သတိပေး သတင်း ထုတ်ပြန်ချက်များကို ပြည်သူလူထုက အသုံးပြုနိုင်စွမ်းရည်မြင့်မားလာစေရန် နှင့် သဘာဝဘေးအန္တရာယ် တုန့်ပြန်မှု တိုးတက်လာစေရန် BRACED က ဖြည့်ဆည်းဆောင်ရွက်ထားခြင်းဖြစ်သည်။ ဤစွမ်းရည်မြှင့်တင်ခြင်းတွင် ပြည်သူလူထု ပါဝင်ဆောင်ရွက်နေခြင်းသည် စီမံကိန်းမှချမှတ်သော CDD အခြေခံအဆောက်အဦးအတွက် "သင့်တင့်မျှတသော ဖလှယ်မှု" အဖြစ် တွေ့မြင်နိုင်သည်။

လေ့လာမှုတစ်ခုတွင် ရပ်ရွာလူထု၏ အမြင့်ဆုံးဦးစားပေး ဆောင်ရွက်ချက်တန်ဖိုး (မြှင့်ထားသော ဆိုင်ကလုန်း အကွယ်အကာအသစ်)သည် ဖျက်စီးဝါးမျိုပစ်သော ဆိုင်ကလုန်းကြောင့် ဘဝများ မဆုံးရှုံးရခြင်းပေါ်မူတည်သည်။ ကျွန်ုပ်တို့၏ဆိုင်ကလုန်း အကွယ်အကာတည်ဆောက်ရေး စီစစ်လေ့လာမှုမှ အကျိုးအမြတ် နှင့်ကုန်ကျစရိတ်အချိုး (B:C) မှာ ၄.၅ ရှိသည် (ရေကြီးမှုကာကွယ်ရေးဆောင်ရွက်သော အခြားလေ့လာချက်များနှင့် ကိုက်ညီသည်)။ ရပ်ရွာမှအဆင့်သတ်မှတ်ပေးသည့် ဒုတိယအရေးကြီးဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်သော မိုးစပါးသီးနှံရိတ်သိမ်းခြင်းမှာ ဒုတိယ အကောင်းဆုံး စီးပွားရေးဆိုင်ရာရွေးချယ်မှု (B:C ၂.၉ အချိုး) ဖြစ်သည်။ ပရောဂျက်ဘဏ္ဍာဖြင့် အံဝင်ခွင်ကျဖြစ်အောင် ဆောင်ရွက်ထားပုံရသည်။

ရပ်ရွာမှအဆိုပြုသည့် ကြံ့ကြံ့ခံအခြေခံအဆောက်အဦးတည်ဆောက်မှုအတွက် ကျွန်ုပ်တို့တွေ့ရှိရသော စီးပွားရေး ဦးမော့လာမှုက ညွှန်းပြသည်မှာ ရပ်ရွာကြံ့ကြံ့ခံနိုင်မှု သီးခြားအစီအစဉ်ရေးဆွဲသောလုပ်ငန်းစဉ်သည် အတိအလင်း ဖော်ပြထားသော ကုန်ကျစရိတ်-အကျိုးအမြတ် ခွဲခြားစီစစ်လေ့လာမှုမပါဘဲ ယင်းကဲ့သို့သော အခြေခံအဆောက်အဦးမျိုး အတွက် ကုန်ကျစရိတ်နှင့်သက်ဆိုင်သည့် ဆုံးရှုံးမှုများကင်းဝေးစေမည့်တန်ဖိုးကို ထိထိရောက်ရောက် ရှင်းလင်း ပြတ်သားစွာ တင်ပြနိုင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ တွေ့ရှိချက်များအရ ရပ်ရွာက အစီအစဉ်ရေးဆွဲသော လုပ်ငန်းစဉ်သည် အောက်ပါအကြောင်းပြချက်၃ခုဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်မှု ပိုမိုကျယ်ပြန့်လာစေရေးအတွက် အကျိုး ဖြစ်စေသည်။

၁။ ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်သည် ထိခိုက်နစ်နာခံရဆုံး အုပ်စုများအတွက် ရည်ညွှန်းထားသော၊ ရပ်ရွာတစ်ခုလုံး အကျိုးအမြတ် ဖြစ်ထွန်းအောင်ဆောင်ရွက်ပေးသော၊ တန်ဖိုးတွက်ချက် ဦးစားပေးလုပ်ဆောင်ထားသည့် ဒေသတွင်း အခြေခံအဆောက်အဦး အဆိုပြုလွှာများ ပေါ်ထွက်လာစေရန် အကျိုးသက်ရောက်မှုရှိခဲ့သည်။

၂။ ဤလုပ်ငန်းစဉ်မှပေါ်ထွက်လာသော စီမံချက်လုပ်ဆောင်မှုကို သင့်တော်ရာ အာဏာပိုင်များထံသို့ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုစီမံချက်နှင့်အတူ အချိတ်အဆက်မိအောင် ပံ့ပိုးပေးရမည်ဖြစ်သည်။

၃။ ဤလေ့လာချက်များပါ ကြံ့ကြံ့ခံနိုင်မှုစီမံချက်လုပ်ငန်းစဉ်သည် ရာသီဥတုကြံ့ကြံ့ခံနိုင်မှု နှင့် ပိုမိုကျယ်ပြန့်သော အသက်မွေးဝမ်းကြောင်းတိုးတက်ရေးဆောင်ရွက်ချက်တို့ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ဤရပ်ရွာကြံ့ကြံ့ခံနိုင်မှု အစီအစဉ်ရေးဆွဲသော လမ်းညွှန်ချက်များသည် ပိုမိုကျယ်ပြန့်သောအသက်မွေးဝမ်းကြောင်းတိုးတက်ရေး ဆောင်ရွက်ရာ တွင် အသုံးပြုရန်အတွက် ပြန်လည်မွမ်းမံပြင်ဆင်ရန် လိုအပ်လိမ့်မည်ဖြစ်သည်။ သို့ရာတွင် ရပ်ရွာဖွံ့ဖြိုးတိုးတက်မှု

စီမံချက်လုပ်ငန်းစဉ်တွင်းသို့ ရာသီဥတုဒဏ်ခံနိုင်မှု ခေတ်နှင့်လျော်ညီသောလမ်းကြောင်းကို စနစ်တကျ အားပေးနိုင်သော နည်းလမ်းကောင်းတစ်ခုဖြစ်သည်။

ဤအစီရင်ခံစာပါရလဒ်များသည် အခြားအစီရင်ခံစာရလဒ်များနှင့် ထပ်တူဖြစ်လိမ့်မည်ဟု မဆိုလိုပါ။ အထူးသဖြင့် ဤကိစ္စရပ်တွင် ရပ်ရွာစီမံချက်လုပ်ငန်းစဉ်ကို ဒေသတွင်း အကောင်အထည်ဖော်နေသည့်နေရာများတွင် ဆက်ဆံရေးကောင်းများရပြီးထားသည့် အတွေ့အကြုံရှိ နိုင်ငံတကာ NGO အဖွဲ့အစည်းမှ ပို့ချပြီးသားဖြစ်သည်။ ဤစီမံချက်လုပ်ငန်းစဉ်ကို ပိုပြီးကျယ်ကျယ်ပြန့်ပြန့်သုံးရန် စိတ်ဝင်စားပါက၊ ရပ်ရွာလူထုနှင့် ဆွေးနွေးတိုင်ပင်ခြင်းနှင့် အစီအစဉ်ချမှတ်ခြင်း အရည်အသွေးကို ဆက်ဆံရေးကောင်းများမရရှိထားသည့် နေရာဒေသတို့တွင် ရှိ/မရှိ နှင့် မည်ကဲ့သို့ထိန်းသိမ်းရမည်ကို စမ်းသပ်ကြည့်ရန် အရေးကြီးသည်။ ပရောဂျက် အကောင်အထည်ဖော်ဆောင်သည့် အရည်အသွေးမှ အလားတူအကျိုးရလဒ်များ နေရာတိုင်းတွင် ရနိုင်ခြေရှိ/မရှိကို (မြန်မာနိုင်ငံမှာပင်) သတ်မှတ်ပေးသည်။ ဥပမာ- ကျွန်ုပ်တို့စဉ်းစားထားသော အခြေခံအဆောက်အဦး ရင်းနှီးမြှုပ်နှံမှု အများစုမှာ ရပ်ရွာကထိန်းသိမ်းပေးရန် လိုအပ်သည်။ အထောက်အထားများအရ အကြံပြုသည်မှာ ဦးတည်ထားသောရပ်ရွာသည် စီမံဆောင်ရွက်မှုများမှ အကျိုးအမြတ်များကို ထင်ရှားစွာမြင်တွေ့ရပြီး CDD လုပ်ငန်းစဉ်တွင် ရပ်ရွာလုပ်အားစုဆောင်းသောကဏ္ဍပါဝင်သည့် သက်ဆိုင်ရာဒေသတွင်း အဖွဲ့အစည်းများ ပါဝင်လျက်ရှိသည်။

CDD ကြံ့ကြံ့ခံနိုင်မှုမြှင့်တင်ခြင်းစီမံချက်များအတွက် ကုန်ကျစရိတ် နှင့်အကျိုးအမြတ်များကို ခန့်မှန်းရာတွင် ကျွန်ုပ်တို့ ချဉ်းကပ်ဆောင်ရွက်ပုံနည်းလမ်းကို ကျယ်ပြန့်စွာအသုံးပြုနိုင်သည်။ အခြားဒေသတွင်းအရင်းအမြစ်များနှင့် နိုင်ငံတကာ စာပေအကိုးအကားများရှိ ပါဝင်ဆွေးနွေးဆောင်ရွက်ချက်များမှ ထွက်ပေါ်လာသော အခြေခံအကြောင်းအချက်များကို တစ်ဖက်လှည့်ဖြင့် မှန်မမှန် စစ်ဆေးရန်အတွက် ဆင်ခြင်သုံးသပ်အားထုတ်မှုများကိုလည်း ပြုလုပ်ထားပါသည်။ သို့သော်ငြားလည်း ကြိုတင်မှတ်သားသင့်သည်မှာ

၁။ ပရောဂျက်ရင်းနှီးမြှုပ်နှံမှုများ အပြီး ၁နှစ်မှ၂နှစ်အကြာတွင် များစွာသော ကြံ့ကြံ့ခံနိုင်မှု အစုအမြတ်များကို အချို့သော ဖွံ့ဖြိုးမှု အကျိုးအမြတ်များနှင့်အတူ ဆုံးရှုံးမှုကင်းဝေးခြင်းအဖြစ် ရရှိသည်။ နှစ်စဉ်ရေလွှမ်းမိုးမှုအန္တရာယ်လျော့ပါးသော ကောင်းကျိုးဖြစ်ထွန်းစေသည့် စီးပွားရေးစွမ်းဆောင်မှု၏ အပြောင်းအလဲများကို ကျွန်ုပ်တို့မှတ်တမ်းတင်ခြင်းဖြစ်သည်။

၂။ ဤဖြစ်စဉ်လေ့လာချက်များပါ ပရောဂျက်စီမံချက်များသည် တိုင်းတာသတ်မှတ်ပြရန်လွယ်ကူပြီး ဂေဟစနစ်ဝန်ဆောင်မှုများအထိ ဦးတည်မထားပါ။

၃။ ပြည်သူလူထုပါဝင်ဆွေးနွေးသောနည်းလမ်းများသည် ပရောဂျက်စီမံချက်များ၏ မတူကွဲပြားမှုများကို ထောက်ပြသည့် အရင်းအမြစ်ကောင်းတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့ခန့်မှန်းချက်များ၏ မသေချာမှုများသည် အတိတ်အတွေ့အကြုံက အနာဂတ်အတွက် လမ်းညွှန်ချက်ကောင်း ဖြစ်မဖြစ်အပေါ် အဓိကမူတည်သည်။ ထိန်းသိမ်းစရိတ်၊ ဝက်မွေးနှင့် အသေးစားချေးငွေပြန်ဆပ်ခြင်း၊ ထပ်ချေးခြင်းတို့အတွက် ရေရှည်ကုန်ကျစရိတ်များအပေါ် ရှေးရိုးစွဲ ကြံဆချက်များထားရှိခြင်းကို သိရှိပြီးသားဖြစ်သည်။

မြန်မာနိုင်ငံတွင် ရပ်ရွာအစီအစဉ်ဖြင့် ဦးစားပေးဆောင်ရွက်သော အခြေခံအဆောက်အဦး ကြံ့ကြံ့ခံနိုင်မှု မြှင့်တင်ပေးသည့် CDD စီမံချက်များတွင် ကုန်ကျစရိတ်ထက် စီးပွားရေးအကျိုးအမြတ်များ သိသိသာသာ ပိုရခြင်းကို ဤဖြစ်စဉ်လေ့လာချက်များက ရည်ညွှန်းပြသည်။ ရှေ့ဆက်၍ အစိုးရနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသည့် လုပ်ဖော်ကိုင်ဖက်များ၏ စီမံချက်ရေးဆွဲခြင်းကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

# ၁။ နိဒါန်း

လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၊ ရပ်ရွာလူထုများ(သို့မဟုတ်)အဖွဲ့အစည်းများအတွက် ရာသီဥတုရုတ်တရက် ဖောက်ပြန်မှုများနှင့် ဖိစီးမှုများကို ပိုမိုထိရောက်စွာတုံ့ပြန်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုအပေါ် အသားတင်ပြန်လည်ရရှိလာမည့် ကြံ့ကြံ့ခံနိုင်မ အစုအမြတ်တို့ကို နိုင်ငံတကာမှစိတ်ဝင်စားမှု မြင့်တက်လာပြီဖြစ်သည်။ ရိုဒင်Rodin(2014)က ကမ္ဘာတစ်ဝှမ်းမှ ဖြစ်ရပ်များအပေါ်ယူဆချက်များနှင့် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဖော်ပြထားပြီး တန်နာနှင့်အဖွဲ့က သဘာဝ ဘေးအန္တရာယ် စီမံဆောင်ရွက်ရေး ရင်းနှီးမြှုပ်နှံမှုများမှရရှိလာသည့် အစုအမြတ်အမျိုးအစား ၃ ခုကို သီးခြားသတ်မှတ် ပြထားသည်။ သို့ရာတွင် လူထုအားပြုဖွံ့ဖြိုးတိုးတက်ရေးဥပမာအချို့မှာ ယင်းအစုအမြတ်အမျိုးအစားများကို သာဓက ပြသည် - ရပ်ရွာပြည်သူလူထုက အစီအစဉ်ဆွဲကာ ဦးစားပေးရွေးချယ်ထားသော စီမံချက်များ (CDD[၁]) သည် ရာသီဥတု ရုတ်တရက်အပြောင်းအလဲများနှင့် ဖိစီးမှုများဆက်နွယ်သည့် တွေးဆချက်များကို အကြောင်းပြသည်။ မြန်မာနိုင်ငံတွင် အလားတူ မတွေ့ရှိရသေးပါ။

UK နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန (DFID) က ထောက်ပံ့ထားသော BRACED programme[၂] သည် ၁၂ နိုင်ငံတွင် ရာသီဥတု ရုတ်တရက်ဖောက်ပြန်မှုများနှင့် ဖိစီးမှုများကို ကြံ့ကြံ့ခံစွမ်းရည့်မြှင့်တင်ရန် ရံပုံငွေပံ့ပိုးထားပါသည်။ မြန်မာနိုင်ငံတွင် ပရောဂျက်ရပ်ရွာများကို ၄င်းတို့ကိုယ်တိုင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများနှင့် ရာသီဥတု အပြောင်းအလဲနှင့်လိုက်လျောညီထွေ ဦးစားပေးအစီအမံများ ဖော်ထုတ်နိုင်ရေးအတွက် BRACED ကရံပုံငွေ ထောက်ပံ့ထားသည်။ ဤလုပ်ငန်းစဉ်ပါ အဆင့် ၄ဆင့်ကို အခန်း ၂ တွင်ဖော်ပြထားသည်။ ကြံ့ကြံ့ခံစွမ်းရည် မြှင့်တင်ရေးကို ဦးတည်ချက်ထားသော်လည်း ထိခိုက်နစ်နာခဲ့ရသောအုပ်စုများကို ရပ်ရွာပြည်သူလူထုက ဦးစားပေး ရွေးချယ်ပြီး ကြံ့ခိုင်ရေးစီမံဆောင်ရွက်ချက်ပေးရန်နှင့် ရပ်ရွာပြည်သူလူထု အကျိုးအမြတ် ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်စေရန်အတွက် ရပ်ရွာဖွံ့ဖြိုးတိုးတက်မှု *(CDD)* နည်းလမ်း ကိုအသုံးချစေရန် ရည်ရွယ်သည်။ ယင်းအချက်သည် ရာသီဥတု ရုတ်တရက်ဖောက်ပြန်မှုများနှင့် ဖိစီးမှုများကို ကြံ့ကြံ့ခံစွမ်းရည်မြှင့်တင်ရန် အလားအလာကောင်းမွန်သည့် ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုစီမံချက် *(CDD)* အမျိုးအစားတစ်ခုဖြစ်သည်။

ကျွန်ုပ်တို့သည် ရပ်ရွာတစ်ခုတွင် ရာသီဥတု ကြံ့ကြံ့ခံစွမ်းရည့်မြှင့်တင်ရန်ဆောင်ရွက်ချက် ကုန်ကျစရိတ်နှင့် အကျိုး အမြတ်များကို BRACED ၏ လုပ်ငန်းတစ်စိတ်တစ်ဒေသအဖြစ် ရှေ့ပြေးတွက်ချက်ထားသည်။[၃] BRACED Alliance Myanmarပရောဂျက်အဖွဲ့နှင့် ဆွေးနွေးသည့်အတိုင်း လေ့လာမည့် ရပ်ရွာအများအပြားတွင် ဤရှေ့ပြေးစစ်ဆေးခြင်းကို ချဲ့ထွင်ဆောင်ရွက်နိုင်ရန်နှင့် ဤအစီရင်ခံစာမှ ရလဒ်များတင်ပြနိုင်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က ကျွန်ုပ်တို့အဖွဲ့ကို ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။ အခန်း ၃ တွင် ကျွန်ုပ်တို့အသုံးပြုသည့် စာတွေ့စံနမူနာ (အသေးစိတ်ကို နောက်ဆက်တွဲ ၁ တွင်ကြည့်ပါ) ကို အတိုချုပ်ဖော်ပြထားသည်။ အခန်း၄ တွင် လေ့လာချက်နေရာ ၃ ခုမှ တွေ့ရှိချက်များကို တင်ပြထားသည်။ အခန်း၅ တွင် နိဂုံးကောက်ချက်ချထားသည်။

---------------------------------------

[၁] ရပ်ရွာဖွံ့ဖြိုးတိုးတက်မှု စီမံချက် *(CDD)*သည် ရပ်ရွာအုပ်စုများကို ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး ပရောဂျက်များအတွက် စီမံချက်ရေးဆွဲမှုဆုံးဖြတ်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှုအရင်းအမြစ်များကို ထိန်းချုပ်ပေးသော ချဉ်းကပ်ဆောင်ရွက်မှုတစ်ခု ဖြစ်သည်။ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ (CBO) (သို့မဟုတ်) ဒေသတွင်းအစိုးရကိုယ်စားလှယ်များကို အကျိုးခံစားခွင့် ရှိသူ (သို့မဟုတ်) ပစ္စည်းလက်ခံရခွင့်ရှိသူအဖြစ် ဦးတည်ထားပြီး စီမံချက်ရေးဆွဲခြင်း၊ ဒီဇိုင်း၊ ဖွံ့ဖြိုးရေးစီမံချက် အကောင်အထည်ဖော်ရာတွင် ကန်ထရိုက်တာများ၏ အကြံဉာဏ်များ၊ လုပ်အား၊ ရံပုံငွေ (သို့မဟုတ်) ခန့်ခွဲမှု (သို့မဟုတ်) ဆောင်ရွက်ချက် နှင့်ထိန်းသိမ်းမှုတို့ ပံ့ပိုးလျက် ပို၍ကြီးမားသောအခန်းကဏ္ဍများကို ခွင့်ပြုပေးထားသည်။ CDD ချဉ်းကပ်ဆောင်ရွက်ပုံနည်းလမ်းများ၏ အဓိကအကြောင်းအရာမှာ ဟန့်တားခံရသော ထောက်ပံ့ကြေးများတွင် ပရိုဂရမ် (သို့မဟုတ်) ပရောဂျက် တိုးတက်အောင်အကောင်အထည်ဖော်ရန် ရပ်ရွာများသို့ အများအားဖြင့် အရင်းအမြစ်များ တိုက်ရိုက် ပံ့ပိုးခြင်းဖြစ်သည်။ သတ်မှတ်ထားသောအင်္ဂါရပ်များမှာ

- အရင်းအမြစ်များအတွက် ရပ်ရွာထိန်းချုပ်မှု
- ရံပုံငွေတိုက်ရိုက်ပေးကမ်းမှု ( အများအားဖြင့် ဘဏ္ဍာရေးမှူးထံမှ ရပ်ရွာငွေစာရင်းသို့ တိုက်ရိုက်ပေးသည်)
- အဆင့်အတန်းမြင့် ရပ်ရွာသင်တန်းပို့ချမှု၊ အတူပါဝင်ခြင်းနှင့် အလုံးစုံပါဝင်ခြင်း
- ရပ်ရွာမှစီမံကွပ်ကဲသော (ရပ်ရွာလူထု လုပ်အားပေးအပါအဝင်) လက်ခွဲပရောဂျက်များ အကောင်အထည်ဖော်မှု

[၂] BRACEDသည် UK နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှု(DFID)မှရံပုံငွေမတည်ပေးထားသော ပရိုဂရမ်တစ်ခုဖြစ်ပြီး တောင်နှင့်အရှေ့တောင်အာရှ၊ အာဖရိက ရုဟဲနှင့် အိမ်နီးချင်းနိုင်ငံများတွင် ရာသီဥတုပြင်းထန်မှုများပိုမိုဒဏ်ခံနိုင်ရည်ရှိလာစေရန် ပြည်သူလူထုအားကူညီနေသော အဖွဲ့အစည်းဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများလျော့ချခြင်းနှင့် ရာသီဥတုလိုက်လျောညီထွေနေတတ်စေရေးတို့ကို ဖွံ့ဖြိုးတိုးတက်မှုဦးတည်ချက်များအဖြစ် ပေါင်းစပ်ထားသောနည်းလမ်းများ တိုးတက်လာစေရန် BRACEDသည် ဒေသတွင်း၊ နိုင်ငံတွင်း နှင့် နိုင်ငံတကာ အဆင့်တွင် မူဝါဒများနှင့် လက်တွေ့လုပ်ဆောင်မှုများ ပြုပြင်ပြောင်းလဲနိုင်ရန် ကြိုးပမ်းသည်။

[၃] မော်လမြိုင်မြို့နယ်တွင်

# ၂။ ရပ်ရွာကြံ့ကြံ့ခံနိုင်မှု အကဲဖြတ်ဆန်းစစ်ခြင်းနှင့် အစီအစဉ်ချမှတ်ခြင်း

ရပ်ရွာလူထု ရာသီဥတုရုတ်တရက် ဖောက်ပြန်မှုများနှင့် ဖိစီးမှုများကို ကြံ့ကြံ့ခံနိုင်မှု အကဲဖြတ်ဆန်းစစ်ခြင်းပြီး လုပ်ဆောင်ချက်အစီအစဉ်ချမှတ်ခြင်းသည် ပရိုဂရမ်စီမံဆောင်ရွက်မှုများကို ထင်ရှားတိုးတက်စေသော အဓိကအချက်ဖြစ်သည်။ ပါဝင်သောအဆင့် ၄ဆင့်ကို အောက်တွင်ဖော်ပြထားသည်။

**အကွက် ၁ - Myanmar BRACED Alliance: ရပ်ရွာကြံ့ကြံ့ခံနိုင်မှုအကဲဖြတ်ဆန်းစစ်ခြင်းနှင့် လုပ်ဆောင်ချက်စက်ဝန်း**

ပရိုဂရမ်ဆောင်ရွက်ပုံနည်းလမ်းသည် ၄င်းတို့ကိုယ်တိုင် သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများ နှင့် ရာသီဥတုအပြောင်းအလဲကို လိုက်လျောညီထွေ ဦးစားပေးအစီအမံများ ဦးဆောင်ဆုံးဖြတ် ဖော်ထုတ်နိုင်ရေးအတွက် အခွင့်အာဏာအပ်နှင်းရန်ရည်ရွယ်ခြင်းဖြစ်သည်။ ကြံ့ခံမှုအားကောင်းစေသော အထူးစီမံဆောင်ရွက်ချက်များသတ်မှတ်နိုင်ရန် ရပ်ရွာကြံ့ခံစွမ်းရည် အကဲဖြတ်ဆန်းစစ်ရန်၊ ဒေသဝန်ထမ်းများနှင့် ဒေသအစိုးရအဖွဲ့အစည်းများကို ကူညီထောက်ပံ့ရန် ပရိုဂရမ်လက်စွဲစာအုပ် ထုတ်ဝေထားပြီးဖြစ်သည်။ (စာမူအပြည့်အစုံကို http://www.braced.org/resources/i/?id=127f0e24-a44a-4468-abca-96db853f6558 တွင်ကြည့်ပါ)

BRACED Alliance ရပ်ရွာကြံ့ကြံ့ခံနိုင်မှု အကဲဖြတ်ဆန်းစစ်ခြင်းနှင့်လုပ်ဆောင်ချက်စက်ဝန်းတွင် ဆက်စပ်မေးခွန်းနမူနာများ၊ တွေးဆချက်များနှင့်အတူ အောက်ဖော်ပြပါ အဓိကအဆင့် ၄ ဆင့်ချမှတ်ထားသည်။ (အသေးစိတ်အပြည့်အစုံကို လက်စွဲစာအုပ်တွင် ကြည့်ရှုနိုင်သည်။)

အဆင့် ၁။ ကြိုတင်ပြင်ဆင်ခြင်း၊ လူထုအကျိုးပြုလုပ်ငန်းဆောင်ရွက်ခြင်း နှင့် အမြန်အကဲဖြတ် ဆန်းစစ်ခြင်း

- သမိုင်းကြောင်းလာ ဘေးဒုက္ခများနှင့် ဆိုးရွားသောအဖြစ်အပျက်များ၊ ထိခိုက်ခံစားရမှုများကို မတူကွဲပြားသော ဦးဆောင်အဖွဲ့အစည်းများမှ မှတ်တမ်းတင်ခြင်း၊ ဆွေးနွေးခြင်းရှိခဲ့ပါသလား။
- ယင်းဘေးဒုက္ခများကို ရပ်ရွာက မည်သို့စောင့်ကြပ်စစ်ဆေးခဲ့ပါသလဲ။
- တုန့်ပြန်မှုရွေးချယ်ပိုင်ခွင့်များကို ဘေးအန္တရာယ်ပြမြေပုံများကိုသုံးပြီး အထင်အရှား ဖော်ထုတ်ပါသလား။

အဆင့် ၂။ ရပ်ရွာကြံ့ကြံ့ခံနိုင်မှု အကဲဖြတ်ဆန်းစစ်ခြင်း - ကြိုတင်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ဆောင်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာဆန်းစစ်ခြင်း

- ရပ်ရွာတွင်ဖြစ်ပျက်ခဲ့သော (သို့မဟုတ်) ဖြစ်ဆဲ သဘာဝဘေးအန္တရာယ်များမှာ မည်သည်တို့ဖြစ်မလဲ။
- ၄င်းတို့.သည် ရပ်ရွာကို မည်သို့. ထိခိုက်ခဲ့/ထိခိုက်ဆဲဖြစ်သလဲ။
- မည်သူတို့.သည်အများဆုံးထိခိုက်ခံရသလဲ။
- ိုထိခိုက်ခံစားရမှုများသည် အမြဲတမ်းဤကဲ့သို့. ဖြစ်သလား။

အဆင့် ၃။ ကြံ့ကြံ့ခံနိုင်မှု လုပ်ဆောင်ချက် အစီအစဉ်ချမှတ်ခြင်း၊ ဦးစားပေးဆောင်ရွက်ခြင်းနှင့် စီစစ်ရွေးချယ်ခြင်း

- စီမံဆောင်ရွက်မှုများသည် အများဆုံးထိခိုက်နစ်နာသောအုပ်စုများကို ဦးစားပေးပါသလား။ ရပ်ရွာသို့.အကျိုးအမြတ်ကျယ်ကျယ်ပြန့်.ပြန့်.ရောက်ရှိစေမည့်ဆောင်ရွက်မှုများကိုပြန်ကြည့်ပါသလား။
- ဦးစားပေးလုပ်ငန်းစဉ်သည် အပြီးသတ်ရွေးချယ်မှု တရားမျှတမှုရှိစေရန်နှင့် ဤဆောင်ရွက်ချက်များ အတွက်ခွဲဝေချထားသော အရင်းအမြစ်များသည်သင့်လျော်သည်ကို မှတ်တမ်းတင်ထားသော ပွင့်လင်းမြင်သာဆွေးနွေးမှုများပါဝင်သည်။
- စီစစ်ရွေးချယ်ခြင်းလုပ်ငန်းစဉ်သည် သဘာဝပတ်ဝန်းကျင်၊ ကျားမ တန်းတူအခွင့်အရေး (သို့.မဟုတ်) ပဋိပက္ခများအပေါ် အန္တရာယ်ဖြစ်နိုင်ခြေကို အသေးစိတ်စဉ်းစားသုံးသပ်ရန်လိုသည်။
- မည်သူကမည်သည့်အချိန်တွင်မည်သည်တို့.ကိုဆောင်ရွက်ရန်လိုသနည်း။ မည်သည့်အရင်းအမြစ်များ ရနိုင်သလဲ။ မျှော်လင့်ထားသောအကျိုးရလဒ်များမှာမည်သည်တို့.ဖြစ်သနည်း။

အဆင့် ၄။ ကြံ့ကြံ့ခံနိုင်မှု လုပ်ဆောင်ချက် အကောင်အထည်ဖော်ဆောင်ခြင်းနှင့် ဝေဖန်တန်ဖိုးဖြတ်ခြင်း

- ရပ်ရွာအဆင့် လုပ်ထုံးလုပ်နည်းအတိုင်း အတည်ပြုလုပ်ငန်းစဉ်ဆောင်ရွက်ပြီးပြီလား။
- လုပ်ဆောင်ချက်အစီအစဉ်ကိုလူထုအားပြဖွံ့.ဖြိုးရေးအပါအဝင်ဒေသဖွံ့.ဖြိုးရေးစီမံချက်ရေးဆွဲခြင်းလုပ်ငန်းစဉ်နှင့် အတူ အဆက်အစပ်များရရှိလာရန် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့.အစည်းများသို့.ပို့.ပြီးပြီလား။
- အကျိုးခံစားခွင့်ရှိသူများကို တုန့်.ပြန်ဖြေကြားချက်အစီအစဉ်ဖြင့် ဦးဆောင်လမ်းညွှန်ထားပြီလား။

# ၃။ ကြံ့ကြံ့ခံနိုင်မှုအကျိုးအမြတ်များကိုပိုင်းခြားသတ်မှတ်ခြင်း

BRACED Myanmar ရပ်ရွာကြံ့ကြံ့ခံနိုင်မှု လက်စွဲစာအုပ်တွင်[၄] ကြံ့ကြံ့ခံနိုင်မှုဖော်ဆောင်ချက်များကို အစုလိုက် ၃မျိုး (အထက်ပါရပ်ရွာစီမံချက်ရေးဆွဲသောလုပ်ငန်းစဉ်မှပေါ်ထွက်လာသော) ခွဲထားပြီး၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေး (ဥပမာ- ဆိုင်ကလုန်းအကွယ်အကာများတည်ဆောက်ခြင်း)၊ ရာသီဥတုအပြောင်းအလဲနှင့်လိုက်လျောညီထွေဖြစ်စေရေး (ဥပမာ- မြို့ပြများတွင်ရေလှောင်မှုကာကွယ်ရေးနှင့် ရေစီးကောင်းစေခြင်း)၊ ဒဏ်ခံနိုင်သောအခြေခံအဆောက်အဦး၊ အခြေခံဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံပစ္စည်းများ (ဥပမာ- ရင်းနှီးမြှုပ်နှံပစ္စည်းများနှင့် ဘဏ္ဍာရေးဝန်ဆောင်မှု အလုပ်အကိုင်တိုးတက်လာခြင်း)တို့ဖြစ်သည်။ စီမံဆောင်ရွက်ချက်၏အဓိကရည်ရွယ်ချက်မှာ ရာသီဥတုရုတ်တရက်ဖောက်ပြန်မှုများနှင့် ဖိစီးမှုများကို ပိုမိုကြံ့ကြံ့ခံနိုင်သောတုန့်ပြန်ခြင်းဖြင့် ပြည်သူလူထု၏ ကောင်းကျိုးချမ်းသာကို မြင့်မားစေမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ဦးတည်ချက်မှာ ဤစီမံဆောင်ရွက်ချက်များ၏ စီးပွားရေးအကျိုးအမြတ်များကို အသေအချာစီစစ်ရန်ဖြစ်သည်။

တန်နာနှင့်အဖွဲ့ Tanner et al. (2015) က သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် ရင်းနှီးမြှုပ်နှံမှုများ၏ စီးပွားရေးအကျိုးအမြတ်များကို မည်သို့အမျိုးအစားခွဲခြားသတ်မှတ်ရမည်၊ သူတို့အသုံးပြုနေသောအမျိုးအစားသည် ကျွန်ုပ်တို့ စဉ်းစားထားသလို ပိုမိုကျယ်ပြန့်သည့် ဒဏ်ခံစွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်ရန် လုံလုံလောက်လောက် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်သည်ကို တွေးဆထားပြီးဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဒဏ်ခံနိုင်မှု အမြတ်ရလဒ် ၃ခု အနေဖြင့် ဖြစ်နိုင်ခြေ စီးပွားရေးအကျိုးအမြတ်များကို ရှာဖွေသည်။

ပထမဆုံး ဒဏ်ခံနိုင်မှု အမြတ်ရလဒ် (RD 1): ရှောင်ရှားနိုင်သောဆုံးရှုံးမှုများ - သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများမှ ရှောင်ရှားနိုင်ခြင်း၊

- ဥပမာ- အသက်များကယ်ဆယ်ခြင်းနှင့် ထိခိုက်ခံရသောလူဦးရေလျှော့ချနိုင်ခြင်း
- အခြေခံအဆောက်အဦးနှင့် အခြားရုပ်ဝတ္ထုရင်းနှီးမြှုပ်နှံပစ္စည်း အပျက်အစီး လျှော့ချခြင်း
- စီးပွားကုန်သွယ်ရေး အပျက်အစီး လျှော့ချခြင်း

ဒုတိယ ဒဏ်ခံနိုင်မှု အမြတ်ရလဒ် (RD 2): စီးပွားရေးအလားအလာကို ကန့်သတ်မထားခြင်း - သဘာဝဘေးအန္တရာယ်လျော့ကျခြင်းကြောင့် စီးပွားရေးစွမ်းဆောင်ချက်များလှုံ့ဆော်မှုရလာခြင်း၊ ဥပမာ-

- စီးပွားရေး နှင့် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများမြင့်တက်လာခြင်း
- အိမ်တွင်းနှင့်စိုက်ပျိုးရေးထုတ်ကုန်စွမ်းအားတိုးမြင့်လာခြင်း
- အကာအကွယ်ပေးနိုင်သော အခြေခံအဆောက်အဦးများဖြင့် မြေတန်ဖိုးမြင့်တက်လာခြင်း

တတိယ ဒဏ်ခံနိုင်မှု အမြတ်ရလဒ် (RD 3): ပူးတွဲအကျိုးအမြတ်တိုးပွားစေခြင်း - ရင်းနှီးမြှုပ်နှံမှုများသည် ပူးတွဲအကျိုးအမြတ်များအဖြစ် အမျိုးမျိုးသော အသုံးဝင်မှုများကိုဖြစ်ပေါ်စေသည်။ ဥပမာ-

- ဂေဟာစနစ်ဝန်ဆောင်မှုများ ကူးစက်ရောဂါများနှင့် အခြားကျန်းမာရေးပြဿနာများလျော့ကျစေခြင်း
- လမ်းပန်းဆက်သွယ်ရေး အသုံးဝင်မှုများ
- လယ်ယာစိုက်ပျိုးထွက်ကုန်တိုးပွားခြင်း

- ယင်းတို့သည်ကျယ်ပြန့်သော အမျိုးအစားများဖြစ်ပြီး ရာသီဥတုရုတ်တရက် ဖောက်ပြန်မှုများနှင့် ဖိစီးမှုများကြောင့် ထိခိုက်မှုများကို စီမံဆောင်ရွက်ချက်များက မည်ကဲ့သို့လျှော့ချပေးသည်ကို ဖော်ပြနိုင်ရန် သုံးထားခြင်းဖြစ်သည်။ လက်တွေ့မှာမူ အများဆုံး ၂နှစ်စာ ပရောဂျက်စီမံချက်များ၏ ပြောင်းလဲမှု အထောက်အထားများသာရှိပြီး ရှောင်ရှားနိုင်သောဆုံးရှုံးမှုများ(RD1) နှင့် ပူးပေါင်းအကျိုးအမြတ်တိုးပွားစေခြင်း(RD3) တို့ကိုသာ ဦးတည်ဆောင်ရွက်နိုင်သည်။ ကျွန်ုပ်တို့တွေ့ရသည့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းအကျိုးအမြတ်များ(ဥပမာ- လယ်ယာစိုက်ပျိုးထွက်ကုန်တိုးပွားခြင်း)တွင် နှစ်စဉ်ရေလွှမ်းမိုးမှုဘေးလျော့ကျခြင်းကြောင့် လယ်သမားများ၏ အမူအကျင့်ပြောင်းလဲလာစေရန်(RD2) ထင်ဟပ်မှုရှိပြီး ရေရှည်သုတေသန လေ့လာမှုပြုမှသာ အကျိုးရှိမည်ဖြစ်သည်။

[၄] http://www.braced.org/resources/i/?id=127f0e24-a44a-4468-abca-96db853f6558

## ၃.၁။ CBA အဆင့်များအကျဉ်းချုပ်

အကျဉ်းချုပ်အားဖြင့် ဤအမျိုးအစားများတွင် အမျိုးမျိုးသော အကျိုးအမြတ်များကို ခန့်မှန်းတွက်ချက်ရန် အသုံးပြုသော နည်းလမ်းမှာ

### ၁။ ရာသီဥတုရုတ်တရက် ဖောက်ပြန်မှုများနှင့် ဖိစီးမှုများကိုအထင်အရှားဖော်ထုတ်ခြင်း

ရပ်ရွာလူထုကအတွေ့အကြုံရှိပြီးသော အဓိက ရာသီဥတု ရုတ်တရက်ဖောက်ပြန်မှုများနှင့် အကျိုးသက်ရောက်မှုများ အတွက် ပါဝင်ဆောင်ရွက်ထားသော ထိခိုက်မှုအကဲဖြတ်ခြင်း၊ ဥပမာ - ရေလွှမ်းမိုးမှုကြောင့် တုပ်ကွေးရောဂါများလာသည်။ ရပ်ရွာမှထိခိုက်ခံရသော အခန်းကဏ္ဍများနှင့်အတူ ဦးတည်အုပ်စုများကို တာဝန်ယူဆောင်ရွက်ပြီးဖြစ်သည်။[၅] ဖြစ်နိုင်သည့်နေရာတွင် BRACED ၏ အကျိုးသက်ရောက်မှု တန်ဖိုးဖြတ်ခြင်း၏ တစ်စိတ်တစ်ဒေသအဖြစ် အဓိကသတင်းပေးသူများနှင့် တွေ့ဆုံမေးမြန်းချက်များနှင့် အခြေခံဆန်းစစ်လေ့လာထားသော အချက်အလက်များနှင့်အတူ ယင်းဖြစ်ရပ်ကို သုံးပွင့်ဆိုင်အတည်ပြုထားသည်။ ရာသီဥတုရုတ်တရက် ဖောက်ပြန်မှုများနှင့် ဖိစီးမှုများအတွက် ရပ်ရွာအကဲဖြတ်ခြင်းသည် ယနေ့ထိရရှိလာသော အတွေ့အကြုံနှင့် ပရောဂျက်အစဦး ရပ်ရွာကြံ့ကြံ့ခံနိုင်မှုစီမံချက်လုပ်ငန်းစဉ်တွင် အသုံးပြုသော အကြောင်းအရာ ခွဲခြားစိတ်ဖြာမှု၊ ပို့ချထားသောဆွေးနွေးချက်များပေါ်တွင်အခြေခံထားသည် (အခန်း ၂ တွင်အတိုချုပ်ဖော်ပြထားသည်။) နှစ်စဉ်ရာသီဥတုဖောက်ပြန်မှုများနှင့် ဖိစီးမှုများ၊ ဦးတည်ရာများ၊ ကပ်ဘေးကြောင့်ဆုံးရှုံးနိုင်ခြေတို့အပေါ် အကဲဖြတ်ခြင်းတို့ကို ပေါင်းစပ်ထည့်သွင်းထားသည်။

### ၂။ ပရောဂျက်စီမံဆောင်ရွက်မှုများ၊ ပေါ်ပေါက်လာမှုများနှင့် မျှော်မှန်းထားသော အကျိုးသက်ရောက်မှု များအတွက် အတူပါဝင်ဆောင်ရွက်အကဲဖြတ်ခြင်း

မည်သည့်အရာများပြောင်းလဲသွားသည်ကို ခန့်မှန်းရာတွင် ခိုင်လုံမှု တိုးပွားလာစေရန် ကျွန်ုပ်တို့သည် အမျိုးမျိုးသော ဖြစ်ရပ်အရင်းအမြစ်များကို နှိုင်းယှဉ်ပြီး ကွဲလွဲချက်များကိုရှာဖွေစီစစ်သည်။ ဥပမာ- အသက်မွေးဝမ်းကျောင်း ပြောင်းလဲမှုများအကြောင်းနှင့်ပတ်သက်၍ ဝက်မွေးအုပ်စု အဖွဲ့ဝင်များကို မေးမြန်းခြင်းနှင့် ဒေသတွင်း ဗဟုသုတရှိသူများ(ဥပမာ- ရပ်ကွက်လူကြီးများ) နှင့်အတူ တုန့်ပြန်မှုများကို သုံးပွင့်ဆိုင်ဖွဲ့တည်ခြင်း။ ယင်းအချက်သည် အလေ့အကျင့်ကောင်းဖြစ်သည် - (ရစ်ချတ် နှင့် အဖွဲ့ Richards et al. (2003), အလက်ဇန်းဒါး နှင့် ဘိုနီနို Alexander and Bonino (2014)

ပရောဂျက်စီမံဆောင်ရွက်မှုများ၏ ပြောင်းလဲမှုများအတွက်ကျိုးကြောင်းဆက်စပ်ခြင်းလုပ်ငန်းစဉ်သည် အလွန်အရေးကြီးသည်။ ကျွန်ုပ်တို့သည် ပရောဂျက်မရှိသည့်နေရာတွင် မည်သည့်အရာများဖြစ်ပျက်သည်ကို အထင်အရှားပြသရန် ရည်ရွယ်သည်။ သို့သော် မေးမြန်းချက်အရ လုပ်ကိုင်ဆောင်ရွက်ပုံနည်းလမ်းမှာ စီမံဆောင်ရွက်မှုအပေါ် မူတည်သည်။ ကျန်းမာရေး အကျိုးသက်ရောက်မှုများ၊ ဥပမာ -တုပ်ကွေးရောဂါဖြစ်ပွားမှုဦးရေလျော့ချရေးသည် လွန်ခဲ့သောနှစ်က ရာသီဥတု အပေါ်မူတည်သကဲ့သို့ ရေလွှမ်းမိုးမှုလျော့ချရေး ပရောဂျက် သီးခြားသတ်မှတ်ချက်အပေါ်တွင်လည်း မူတည်သည်။ ပရောဂျက်သီးခြားသတ်မှတ်ချက်များ သီးသန့်ခွဲခြားထားရှိရန်အတွက် ကျွန်ုပ်တို့သည် ဖြစ်စဉ်တိုးတက်လေ့လာချက် နေရာများရှိ ပရောဂျက် မတိုင်မီနှင့် စီမံကိန်းဆောင်ရွက်မှုများအပြီး အပြောင်းအလဲများကို အနီးအနားရှိ အထိန်းနေရာများနှင့် ကာလတူအပေါ်တွင် နှိုင်းယှဉ်သည်။ နှစ်ပေါင်းများစွာ စဉ်ဆက်မပြတ် နှစ်စဉ်ရေလွှမ်းမိုးမှု ပုံမှန်ဖြစ်ပွားပြီး ပျက်စီးဆုံးရှုံး နေသောနေရာများတွင် ပရောဂျက်စီမံဆောင်ရွက်မှုများမှ ရရှိလာသော အပြောင်းအလဲများအား အကြောင်းပြရန် လွယ်ကူသည်။ အလားတူ ပရောဂျက်မတိုင်မီက မရှိခဲ့သော လုပ်ဆောင်မှုများကြောင့် အသေးစားငွေကြေးနှင့် အခြားအသက်မွေးဝမ်းကြောင်းစီမံချက်များမှ အကျိုးရလဒ်အဖြစ်

[၅] ရပ်ရွာများမှဦးစားပေးဆောင်ရွက်ထားသော စီမံဆောင်ရွက်မှုအမျိုးအစားများအပေါ်မူတည်၍ ပရောဂျက်မှ အုပ်စုများကို ဖွဲ့စည်းထားသည်။ ဥပမာများတွင် ရပ်ရွာငွေစုငွေချေးအုပ်စုများ၊ ဝက်မွေးအုပ်စုများ။ အဓိကသတင်းပေးသူများနှင့် အမေးအဖြေပြုလုပ်ရာတွင်တစ်ခုလျှင် လူဦးရေ ၈-၁၅ ယောက်ပါဝင်ပြီးကျား၊မ သီးခြားအဖြစ်နိုင်ဆုံးခွဲခြားထားသည်။

မြင့်တက်လာသော ရင်းနှီးမြှုပ်နှံပစ္စည်းများကို သုံးနိုင်သည်။သို့ရာတွင် ပြီးခါနီးအပြောင်းအလဲ ထိန်းချုပ်မှုနှင့် သက်ဆိုင်သည့် ပိုမိုကြံ့ကြံ့ခံနိုင်သော အထိန်းအုပ်စု၏ အသက်မွေးဝမ်းကြောင်း ရလဒ်များကို ထင်ရှားဖော်ပြရန် ပရောဂျက်ပြီးသည်အထိစောင့်ကြည့်ရခြင်းကြောင့် ရင်းနှီးမြှုပ်နှံပစ္စည်းမြင့်မားအောင် စီမံဆောင်ရွက်ချက်များမှ ယေဘုယျ ဖွံ့ဖြိုးတိုးတက်မှုအကျိုးအမြတ်များကို (အထက်ပါကဏ္ဍ RD3) ဒုတိယပြောင်းလဲမှုဖြင့် အရယူနိုင်ခဲ့သည်။[၆] ကျွန်ုပ်တို့ပါဝင်ဆောင်ရွက်သော အကဲဖြတ်ခြင်းတွင် ဤစီမံဆောင်ရွက်မှု အမျိုးအစားမှ ရရှိလာသော အကျိုးအမြတ်များကိုအလုံးစုံဖော်ထုတ်ခြင်းမပြုပေ။

အထက်တွင်မှတ်သားထားသကဲ့သို့ အခြေခံအဆောက်အဦး ရင်းနှီးမြှုပ်နှံမှုများအတွက် ရပ်ရွာလူထုဦးစားပေး ဆောင်ရွက်မှုများသည် ရင်ဆိုင်ရသောစွန့်စားမှု အမျိုးအစားအတွက် အတိအလင်းမဖော်ပြနိုင်သောခန့်မှန်းမှုများအပေါ် အခြေခံသည် (ပို့ချထားသောရပ်ရွာ ကြံ့ကြံ့ခံနိုင်မှုစီမံချက်မှပေါ်ထွက်လာခြင်း) ။ ယင်းသည် ကျွန်ုပ်တို့ စဉ်းစား ဆောင်ရွက်သော ဖြစ်စဉ်တိုးတက်မှုလေ့လာချက် ၃ခုအနက် ၂ခုသည် အခြေခံအဆောက်အဦး စီမံဆောင်ရွက်မှုများဖြင့် နှစ်စဉ်ရပ်ရွာရေလွှမ်းမိုးမှုဘေးမှလျှော့ချရန် ဦးတည်သည်။ ရပ်ရွာတစ်ခုမှာတော့ ရေကြီးခြင်းကပ်ဘေးကြောင့် အကျိုးသက်ရောက်မှု လျော့နည်းစေရန် အခြေခံအဆောက်အဦးကို ဦးစားပေးရန် ရွေးချယ်ထားသည်။

## ၃။ စီးပွားရေးအရ ကုန်ကျစရိတ်များနှင့် အကျိုးအမြတ်များ ပိုင်းခြားသတ်မှတ်ခြင်း

ပရောဂျက်ကုန်ကျစရိတ်များကို ဈေးကွက်ပေါက်ဈေး (ဥပမာ -ဘိလပ်မြေ) (သို့) ဒေသတွင်းလုပ်ခနှုန်းထားတို့ဖြင့် တန်ဖိုးဖြတ်ထားပြီး ရပ်ရွာထည့်ဝင်မှုများနှင့်အတူ BRACEDပရောဂျက်၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်သူ များမှ ပံ့ပိုးထားသည်။ အစိုးရမှ စက်၊ ငွေလုံးငွေရင်း ကုန်ကျစရိတ်များကို ပံ့ပိုးထားပြီး သွယ်ဝိုက်ရည်ညွှန်းသော အသုံးစရိတ်ကုန်ကျစရိတ်များကို စာပေအကိုးအကားမှ ခန့်မှန်းတွက်ချက်ပေးထားသည်။ ပရောဂျက် (ဖြစ်စဉ်တိုးတက်မှု လေ့လာချက်) နေရာတစ်ခုစီကို ပရိုဂရမ်၏ စီမံခန့်ခွဲမှု ကုန်ကျစရိတ်ဝေစု တစ်ခုခွဲပေးထားသည်။[၇]

ကျွန်ုပ်တို့သည် အုပ်စုလိုက်ဆွေးနွေးပွဲများနှင့်အတူ အဓိကသတင်းပေးသူများ လူတွေ့မေးမြန်းမှုများကို အသုံးပြုလျက် ဘဏ္ဍာရေးအကျိုးအမြတ်များကို အထင်အရှားဖော်ပြပြီး စာပေအကိုးအကားမှ ကိန်းဂဏန်းများနှင့်အတူ သုံးပွင့်ဆိုင်ညှိနှိုင်းထားသည်။

ကျွန်ုပ်တို့စဉ်းစားသုံးသပ်သော ပရောဂျက် စီမံဆောင်ရွက်မှုများသည် နှစ်ပေါင်းများစွာ အကျိုးဖြစ်ထွန်းစေသည်။ အများဆုံး တစ်နှစ် (သို့) နှစ်နှစ်စာ ကုန်ကျစရိတ်နှင့်အကျိုးအမြတ်များနှင့် ပတ်သက်သည့် အထောက်အထားများ ကျွန်ုပ်တို့တွင် ရှိသည်။ အခြေခံအဆောက်အဦးရင်းနှီးမြှုပ်နှံမှုများမှာ ကာလကြာရှည်ခံပြီး လက်တွေ့စံချိန်စံညွှန်းမှာ ရင်းနှီးမြှုပ်နှံပစ္စည်းသက်တမ်းအပေါ်ကုန်ကျစရိတ်နှင့်အကျိုးအမြတ်များ အရယူရန်ဖြစ်သည်။[၈] တစ်ချိန်တည်းမှာပင် နောင်လာမည့်ပရောဂျက်ရင်းနှီးမြှုပ်နှံပစ္စည်းအသုံးပြုမှုအပေါ် မသေချာမှုမြင့်တက်လာနိုင်သည့်အတွက် ကျွန်ုပ်တို့သည် အနာဂတ်အတွက် မျှော်ကြည့်ထားရသည်။ ပြန်ပေးဆပ်ရမည့်ကာလ ၁၀ နှစ်ဟုသတ်မှတ်ထားခြင်းသည် စံနမူနာနှင့် ကိုက်ညီလျက် အစီရင်ခံထားသော ကာလအပိုင်းအခြားထက် ပိုနည်းသောအချိန်ပိုင်းဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ဆဲ နိုင်ငံများတွင် ပြည်သူလူထုအခြေခံအဆောက်အဦး အသေးစားရင်းနှီးမြှုပ်နှံရန် သင့်တော်မှုရှိသည်။[၉] ဒေသတွင်း အဖွဲ့အစည်းများနှင့် ရပ်ရွာလူထုကိုယ်တိုင်မှ အထောက်အထားကို သုံးပြီး ထိန်းသိမ်းစရိတ်ကုန်ကျငွေများကို တွက်ချက်ရန်ဖြစ်သည်။ ကုန်ကျစရိတ်နှင့်အကျိုးအမြတ်များမှာ BRACED ပရိုဂရမ်အစမှာပင် လျှော့ဈေးတန်ဖိုးများ ဖြစ်ကြပြီး ADB စံနမူနာနှင့် ကိုက်ညီလျက် အသုံးပြုသည့်အတိုင်း လျှော့ဈေးနှုန်း ၁၂% ဖြစ်ပြီး ငွေလုံးငွေရင်းမှ

[၆] စီမံကိန်းဝင်နေရာနှင့် ထိန်းချုပ်နေရာအပေါ် ကနဦးနှင့်အဆုံးသတ်စီစစ်တိုင်းတာမှုကို အသုံးချလျက် အကောင်အထည်ဖော် ဆောင်ရွက်သော ပရောဂျက်တစ်ခုလုံးအတွက်(အထူးရပ်ရွာများထက်)

[၇] ပရောဂျက်ရွာအားလုံး ၁၅၅ ကို အညီအမျှပိုင်းခြားထားသည်။

[၈] The Green Book, Appraisal and Evaluation in Central Government (2011), HM Treasury, UK Government, London (p.19).

[၉] Buncle et al. (2013) ကအစီရင်ခံထားသော ဖြစ်စဉ်လေ့လာချက်များကို ကြည့်ပါ။

အခြေအနေအလိုက် ကုန်ကျစရိတ် အသင့်အတင့်မြင့်လာခြင်းကို ထင်ဟပ်သည်။[၁၀] ကျွန်ုပ်တို့သည် ADB လျှော့ဈေးနှုန်း ၉% နှင့် ၆% ကိုသုံးလျက် ထိခိုက်လွယ်သောစမ်းသပ်မှုနစ်ခု၏ ရလဒ်များကို တင်ပြထားပြီး အနိမ့်ဆုံးနှုန်းထားသည် ဆင်းရဲမှုလျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးအမြတ်များကိုဦးတည်သည့် လူမှုအဖွဲ့အစည်း ပရောဂျက်ရံပုံငွေအတွက် သင့်တော်သည်။[၁၁]

ပရောဂျက်အပြီးတွင် အသေးစားငွေကြေးနှင့် ဝက်ကလေးများထောက်ပံ့သော ပရောဂျက်အတွက် ကုန်ကျစရိတ်နှင့် အကျိုးအမြတ်တွက်ချက်ရန် ရပ်မိရပ်ဖများနှင့် ရပ်ရွာလူထုများထံမှ အချက်အလက်ကို သုံးထားသည့် ထုတ်လုပ်မှု ပုံစံတူကို နိုင်ငံတကာစာပေအကိုးအကားအတိုင်း စစ်ဆေးတွက်ချက်သည်။

အချို့(အများစုမဟုတ်သော)ပရောဂျက်အမြတ်များသည်ယခင်ကရေလွှမ်းမိုးခြင်းကြောင့် သေဆုံးမှုများကင်းဝေးခြင်းပေါ် မူတည်သည်။ ကျွန်ုပ်တို့သည် ထိုင်းနိုင်ငံအတွက်ထုတ်ဝေသောစာရင်းတွက်ချက်မှုများကို အသုံးပြုလျက် စာရင်းဇယားဆိုင်ရာဘဝတန်ဖိုးများကို ခန့်မှန်းတွက်ချက်ပြီး တိုတွက်ချက်မှုများကို GDP မတူညီမှုများကို နိုင်ငံတကာ အထောက်အထားများနှင့်ထပ်တူ ညှိနှိုင်းတွက်ချက်သည်။

ဖြစ်စဉ်တိုးတက်လေ့လာချက်နေရာများကို BRACED၏ ပင်လယ်ကမ်းခြေနှင့်ဆိုင်သောနေရာများနှင့် ပင်လယ်ဝနေရာ များကို ရွေးချယ်ထားသည်။ BRACED ALLIANCE MYANMAR အဖွဲ့မှစည်းရုံးဆောင်ရွက်ပြီး ၂၀၁၆ ဒီဇင်ဘာလတွင် တစ်သီးပုဂ္ဂလ ပြည်တွင်း နှင့် နိုင်ငံတကာအတိုင်ပင်ခံပုဂ္ဂိုလ်တို့မှ လူတွေ့မေးမြန်းသည်။ ဦးတည်အုပ်စုဆွေးနွေးမှုများ ၂ခု မှ ၄ခုအထိ နေရာအသီးသီးတွင် ရပ်ရွာလူထုနှင့်အတူ ကျင်းပပေးပြီး အဓိကသတင်းပေးသူများမေးမြန်းခြင်းကို ရပ်ရွာကိုယ်စားလှယ်များ၊ ဒေသခံနည်းပညာရှင်ကျွမ်းကျင်သူများ၊ အစိုးရတာဝန်ရှိသူများနှင့် ပရောဂျက် ဝန်ထမ်းများအား တွေ့ဆုံမေးမြန်းသည်။

## ၄။ ဖြစ်စဉ်တိုးတက်မှုလေ့လာချက်ရလဒ်များ

### ၄.၁။ ညောင်တပင်ကျေးရွာ

#### ၄.၁.၁။ နောက်ခံသမိုင်းကြောင်း

ညောင်တပင်ကျေးရွာသည် ဧရာဝတီမြစ်ဝကျွန်းပေါ် လပွတ္တာမြို့နယ်၏တောင်ဖက် ၆၀ကီလိုမီတာအကွာတွင် တည်ရှိပြီး ခန့်မှန်းခြေလူဦးရေ(၇၆၀)ရှိသော သီးသန့်ပင်လယ်ကမ်းခြေရွာဖြစ်သည်။ နာဂစ်ဆိုင်ကလုန်းကြောင့်ပျက်ပြုန်းခဲ့ရပြီး ရေလွှမ်းမိုးမှုကြောင့် လူဦးရေ ၇၀ ကျော် (ကလေးများ အဓိက) သေဆုံးခဲ့သည်။ ပင်လယ်ရေစီးဝင်လာခြင်းနှင့် မြေချိုင့်ဝှမ်းဖြစ်ပေါ်သွားမှုကြောင့် ယခင်အသက်မွေးဝမ်းကျောင်းဖြစ်သည့် ကွမ်းရွက်စိုက်ပျိုးခြင်းလုပ်ငန်း လုံးဝ ပျောက်ကွယ်သွားရသည်။ ယခုအခါ အိမ်ထောင်စုများမှာ ရွာပတ်လည်ရှိ လမုတောတွင် ဂဏန်းထောင်ခြင်းကို အားထားနေရသည်။ ၂၀၀၈ နာဂစ်အကျိုးဆက်ကြောင့် ညောင်တပင်အမြင့်(၈)ပေ နိမ့်ဆင်းသွားရကြောင်း အစိုးရ တာဝန်ရှိသူများမှ အစီရင်ခံထားသည်။ ရပ်ရွာပြည်သူလူထုအနေဖြင့်မိုးရာသီတွင် မုန်တိုင်းလှိုင်းလုံးကြီးများ ပြင်းထန်မှုကြောင့် ပုံမှန်ရေလွှမ်းမိုးမှုဒဏ်ခံနေကြရပြီး ဆားငန်ရေစိမ့်ဝင်လာမှုကြောင့် သောက်ရေရရှိမှု အခက်အခဲ ကြုံတွေ့နေရသည်။ (ယခုအခါ သောက်ရေကို လှေများဖြင့်သယ်ဆောင်လာပြီးရောင်းချကြသည်)။

[၁၀] ပရောဂျက်များ၏ စီးပွားရေးစီစစ်လေ့လာမှုအတွက် ၁၉၉၇ ADB လမ်းညွှန်ကဖော်ပြထားသည်မှာ ငွေလုံးငွေရင်းမှ အခြေအနေအလိုက်ကုန်ကျစရိတ် (သို့မဟုတ်) နိုင်ငံအများစုက စိတ်ဝင်တစားဖြင့် ရင်းနှီးမြှုပ်နှံနှုန်းကို အတိအကျတွက်ချက်ရန် ခက်ခဲသော်လည်း သုတေသနပညာရှင်သည် သက်ဆိုင်ရာနိုင်ငံများတွင် ငွေလုံးငွေရင်းမှ အခြေအနေအလိုက်ကုန်ကျစရိတ်ကို အသုံးပြုသင့်သည် (စာမျက်နှာ ၂၁)။ လက်တွေ့တွင် ၁၀% -၁၂% ကိုအသုံးပြုသည်။ ADB အတွက် နိုင်ငံတကာသုံးသပ်ချက်တစ်ခုတွင် **Juzhong et al. (2007)** က အသိအမှတ်ပြုထား သည်မှာ ၁၀% -၁၂%အထိ ချထားသော ပြန်လည်ဆန်းစစ်ချက်များအတွက် ကိစ္စတစ်ရပ်ဖြစ်သည်။ သို့သော် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အများပြည်သူလျှော့ဈေးနှုန်းမှာ ၈% -၁၅%ဖြစ်သည်။ ကျွန်ုပ်တို့သုတေသနလုပ်ငန်းများ၏ အကျိုးဆက်အရ ADB သည် လျှော့ဈေးနှုန်း၉% ကို ပြောင်းလဲအသုံးပြုကြလိမ့်မည်ဟု ဖော်ပြထားသည်။

[၁၁] https://www.adb.org/sites/default/files/institutional-document/32256/economic-analysis-projects.pdf pages 139-140.

### ၄.၁.၂။ BRACED စီမံချက်များ

အောက်ပါစီမံချက်များကို ၂၀၁၆တွင် Action Aid က အခန်း ၂ တွင်ဖော်ပြထားသော ရပ်ရွာကြံ့ကြံ့ခံနိုင်မှု အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ထားသည်။

၁။ အမျိုးသမီးများပါဝင်ဆောင်ရွက်ခွင့်ရရှိရေး နှင့် ရပ်ရွာစီမံချက်ရေးဆွဲခြင်းတို့ကိုဦးတည်လျက် ရွာခံကိုယ်စားလှယ်များဖြင့် ရပ်ရွာကြံ့ကြံ့ခံနိုင်မှုစီမံချက်ရေးဆွဲခြင်း (RD 1)

၂။ အိမ်ထောင်စုများမှ ရာသီဥတုရုတ်တရက် ဖောက်ပြန်မှုများကိုနားလည်ပြီး တုန့်ပြန်စွမ်းရည်း တိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ရွာခံကိုယ်စားလှယ်များပါဝင်လျက် ကလေးဗဟိုပြုရာသီဥတုကြံ့ကြံ့ခံနိုင်ရေးအုပ်စုဖွဲ့စည်းခြင်း (RD 1)

